စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၄/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၄) ရက်

| ၂၄- ၇- ၂၀၂၅ | |
|---|---|
| **ငွေကြေး အမျိုးအစား** | **ငွေလဲလှယ်နှုန်း (ကျပ်)** |
| ဒေါ်လာ | ၂,၁၀၀.၀၀ |
| ယူရို | ၂,၄၆၉.၈၁ |
| စင်္ကာပူဒေါ်လာ | ၁,၆၄၅.၅၇ |
| စတာလင်ပေါင် | ၂,၈၄၇.၂၉ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၃၄.၆၇ |
| တရုတ်ယွမ် | ၂၉၃.၅၅ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၇.၅၃ |
| အိန္ဒိယရူပီး | ၂၄.၃၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၃.၃၀ |
| မလေးရှားရင်းဂစ် | ၄၉၈.၁၀ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၀၇ |
| ထိုင်းဘတ် | ၆၅.၁၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၃ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ရုရှားနိုင်ငံ၏ ခေတ်မြေသြဇာတင်ပို့မှု ပထမ(၆)လအတွင်း ၈ ရာခိုင်နှုန်း တိုးမြင့်

➢ ရုရှားမှ ဖိလစ်ပိုင်သို့ ကြက်ဘဲသားထုတ်ကုန်များ တင်ပို့ခွင့် ပြန်လည်ရရှိ

➢ အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်းထုတ်လုပ်မှု စံချိန်တင်တိုးတက်လာသော်လည်း ပြောင်းအသားတင်တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့

➢ အနောက်ဘင်္ဂလားပြည်နယ်တွင် ဈေးကွက်လိုအပ်ချက်မြင့်မားလာမှုကို ဖြည့်ဆည်းနိုင်ရန် ပြောင်း ဟက်တာ ၆၀,၀၀၀ တိုးချဲ့စိုက်ပျိုးမည်

- **အထွေထွေသတင်းများ**

➢ ရုရှားခရီးသွားများ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်မှု တိုးတက်လာ

➢ သံမဏိနှင့် မော်တော်ယာဉ် အစိတ်အပိုင်းများအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် အိန္ဒိယက တုံ့ပြန်အရေးယူမှုအသစ်များ ဆောင်ရွက်ရန် စီစဉ်

➢ အိန္ဒိယသည် အမေရိကန်နှင့် ကုန်သွယ်မှုကိစ္စရပ်များဆွေးနွေးရာတွင် အင်ဒိုနီးရှားထက်နိမ့်သော အခွန်နှုန်းထား ရရှိရန်ကြိုးပမ်းနေ

## ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာတင်ပို့မှု ပထမ(၆)လအတွင်း ၈ ရာခိုင်နှုန်း တိုးမြင့်

ရုရှားနိုင်ငံမှ ကုမ္ပဏီများသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ ဇွန်လအတွင်း ဓာတ်မြေဩဇာတင်ပို့မှုသည် ပမာဏအားဖြင့် တန်ချိန် ၂၂.၇ သန်းအထိရောက်ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ရုရှားဓာတ်မြေဩဇာ ထုတ်လုပ်သူများအသင်း (Russian Association of Fertilizer Producers- RAFP) မှ သတင်း ထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံ၏ ဓာတ်သတ္တုဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် ၂၀၂၅ ခုနှစ်တွင် တန်ချိန် ၆၅ သန်းအထိ၊ ၃ ရာခိုင်နှုန်း တိုးတက်လာနိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုသည် တန်ချိန် ၄၄ သန်းအထိ၊ ၅ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း အဆိုပါအသင်း၏ ဥက္ကဋ္ဌ Mr. Andrey Guryev က အစောပိုင်းတွင် ပြောကြားခဲ့သည်။ ယင်းပမာဏ နှစ်ခုလုံးသည် စံချိန်အသစ် တင်နိုင်ဖွယ်ရှိသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် တန်ချိန် ၆၃ သန်း ရှိခဲ့ပြီး တင်ပို့နိုင်မှုသည် တန်ချိန် ၄၂ သန်းအထိ စံချိန်တင်မှတ်တမ်း ရရှိခဲ့သည်။

ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာ အဓိကတင်ပို့သောနိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား စသည့်နိုင်ငံများကြောင်း သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/24516389

Agribusiness & Trade

.................................................................................................................

## ရုရှားမှ ဖိလစ်ပိုင်သို့ ကြက်ဘဲသားထုတ်ကုန်များ တင်ပို့ခွင့် ပြန်လည်ရရှိ

ရုရှားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ကြက်ဘဲသားနှင့် ၎င်း၏ ထုတ်ကုန်ပစ္စည်းများ တင်ပို့ခွင့် ပြန်လည်ရရှိကြောင်း ရုရှားတိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန(Rosselkhoznadzor)က သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၁ ခုနှစ်တွင် စတင်ချမှတ်ခဲ့သည့် ရုရှားကြက်ဘဲထုတ်ကုန်များ ပေးပို့မှုဆိုင်ရာတားမြစ်ချက်ကို ယခုလ(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ) တွင် ရုပ်သိမ်းခဲ့ပြီး ရုရှားမှ ဖိလစ်ပိုင်သို့ ကြက်ဘဲသားနှင့် ယင်းထုတ်ကုန်ပစ္စည်းများ တင်ပို့ရန် နောက်ဆုံးပြင်ဆင်ထားသော တိရစ္ဆာန်ဆေးဘက်ဆိုင်ရာလက်

မှတ်(veterinary certificate) အသစ်ကိုလည်း သဘောတူညီခဲ့ကြကြောင်း Rosselkhoznadzor ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားမှတ်ပုံတင်စာရင်း၌ အဆိုပါကုန်ပစ္စည်းများထုတ်လုပ်သည့် ရုရှားကုမ္ပဏီ/လုပ်ငန်း ၉ ခု ပါဝင်ကြောင်း ဖော်ပြထားသည်။

အဆိုပါ ကြက်ဘဲသားထုတ်ကုန်များကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် တိရိစ္ဆာန်နှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ယင်းထုတ်ကုန် အမျိုးအစားများအား ထောက်ပံ့ပေးရန် လိုအပ်သောအခြေအနေများနှင့် ကိုက်ညီမှုရှိခြင်း၊ Rosselkhoznadzor ဌာနက ယင်းထုတ်ကုန် ပစ္စည်းများထုတ်လုပ်ခြင်းနှင့် သိုလှောင်ထားရှိခြင်းအတွက် လုပ်ငန်းများကို စစ်ဆေးခြင်း၊ ထုတ်လုပ်သည့်လုပ်ငန်းများသည် ပြည်ပရှိ တာဝန်ရှိအာဏာပိုင်အဖွဲ့များထံမှ အသိအမှတ်ပြု လက်မှတ်ရရှိရန် လိုအပ်ပြီး သက်ဆိုင်ရာမှတ်ပုံတင်စာရင်းအတွင်း ပါဝင်ရန်လိုအပ်ခြင်း စသည့်အခြေအနေများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း သတ်မှတ်ထားသည်။

ထို့အပြင် ရုရှားမှ ဖိလစ်ပိုင်သို့ အမဲသားနှင့် အမဲသားထုတ်ကုန်များ တင်ပို့ခွင့်အတွက်လည်း တိရစ္ဆာန်ဆေးဘက်ဆိုင်ရာလက်မှတ်အသစ်ကို သဘောတူညီမှုရရှိခဲ့ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ရုရှားအမဲသားထုတ်လုပ်သည့် လုပ်ငန်း ၂ ခုသည် ဖိလစ်ပိုင်ဈေးကွက်သို့ တင်ပို့ရန်အတွက် လက်မှတ်ရရှိထားသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://fsvps.gov.ru/news/rossija-soglasovala-vozmozhnost-jeksporta-mjasa-i-subproduktov-pticy-na-filippiny/

Agribusiness & Trade

## အိန္ဒိယနိုင်ငံသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်းထုတ်လုပ်မှုစံချိန်တင်တိုးတက်လာသော် လည်း ပြောင်းအသားတင်တင်သွင်းသည့်

အိန္ဒိယနိုင်ငံ၏ ပြောင်းတင်သွင်းမှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၉ ဒသမ ၇ သိန်းသို့ စံချိန်တင် ရောက်ရှိခဲ့ပြီး ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က တင်သွင်းခဲ့သည့် တန်ချိန် ၁ ဒသမ ၃၇ သိန်းထက် ခြောက်ဆတိုးလာခဲ့ကြောင်း၊ တိရစ္ဆာန်အစာ၊ ပြောင်းကော်မှုန့် (starch) နှင့် အီသနော

ကဲ့သို့သော အဓိက သုံးစွဲသည့်ကဏ္ဍများမှ ပြောင်းလိုအပ်ချက် မြင့်တက်လာမှုကြောင့် အိန္ဒိယနိုင်ငံသည် ယခုနှစ်အတွင်း ပြောင်းအသားတင်တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ပို့ကုန်မှာမူ သိသိသာသာနေးကွေးသွားခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၅ ရက်နေ့တွင် ဖော်ပြသည်။

ယခုနှစ်အတွင်း ပြောင်းတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၄ ဒသမ ၄၂ သိန်းမှ တန်ချိန် ၅ ဒသမ ၅၆ သိန်းသို့ ၆၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ပြောင်းတင်ပို့မှုသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က တန်ချိန် ၃၄ ဒသမ ၅၃ သိန်းကျော် စံချိန်တင် တင်ပို့ခဲ့ရာမှ သိသိသာသာကျဆင်းလာခဲ့ခြင်း ဖြစ်သည်။ တန်ဖိုးအားဖြင့် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ ဘီလီယံမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၁ သန်း သို့ ထိုးကျသွားခဲ့ကြောင်း သိရသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ တတိယအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ ပြည်တွင်းပြောင်းထုတ်လုပ်မှုသည် တန်ချိန် ၄၂၂ ဒသမ ၈၁ သိန်းသို့ စံချိန်တင် ရောက်ရှိခဲ့သော်လည်း ယခင်ဘဏ္ဍာနှစ်က ပြောင်းတင်သွင်းမှု မြင့်တက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပြောင်းထုတ်လုပ်မှုသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က တန်ချိန် ၂၂၅ ဒသမ ၆၇ သိန်းခန့်မှ လွန်ခဲ့သော ၁၀ နှစ်အတွင်း နှစ်ဆနီးပါး တိုးတက်လာခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ပြောင်းတန်ချိန်တစ်သန်းနီးပါး တင်သွင်းခဲ့မှုကြောင့် ယခုနှစ်အတွက် တန်ချိန် ၇ ဒသမ ၇ သိန်းခန့် တင်သွင်းမည်ဟု ခန့်မှန်းထားသော ကုန်သွယ်မှုခန့်မှန်းချက်များကို ကျော်လွန်သွားခဲ့ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံဟာ မကြာသေးခင်ကမှ ပြောင်းကို အသားတင်တင်သွင်းတဲ့နိုင်ငံ ဖြစ်လာခဲ့ပြီး အာရှမှာ အဓိကတင်ပို့တဲ့နိုင်ငံအဖြစ် ရပ်တည်ခဲ့တဲ့ သမိုင်းဝင်အနေအထားကနေ သိသာတဲ့ အပြောင်းအလဲတစ်ခု ဖြစ်လာပါတယ်" ဟု တိရစ္ဆာန်အစာထုတ်လုပ်သူများ၏ အဓိကကုန်သွယ်ရေးအဖွဲ့အစည်း ဖြစ်သော CLFMA အသင်း၏ ဥက္ကဋ္ဌဖြစ်သူ Divya Kumar Gulati က ပြောကြားခဲ့သည်။ ပြောင်းကို တိရစ္ဆာန်အစာ ထုတ်လုပ်မှုကဏ္ဍမှ အများဆုံးအသုံးပြုပြီး ၎င်းနောက်တွင် ပြောင်းကော်မှုန့်နှင့် အီသနော ထုတ်လုပ်သူများက အသုံးပြုကြကြောင်း သိရသည်။

ပြောင်းတင်သွင်းမှု မြင့်တက်လာရခြင်းမှာ အီသနောထုတ်လုပ်မှု တိုးမြှင့်ခြင်း၊ ပြည်တွင်းဝယ်လိုအားက ထုတ်လုပ်မှုကို ကျော်လွန်ခြင်း၊ ပြည်တွင်းဈေးနှုန်းများ မြင့်တက်ခြင်းနှင့် တိရစ္ဆာန်

အစာ ဝယ်လိုအားမြင့်တက်ခြင်းစသည့် အကြောင်းအရင်းများကြောင့်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ "အဓိက အကျဆုံးအချက်ကတော့ ဇီဝလောင်စာရောစပ်မှု ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီဖို့အတွက် အီသနောထုတ်လုပ်မှု၊ အထူးသဖြင့် ပြောင်းအခြေခံအီသနောထုတ်လုပ်မှုကို အရှိန်အဟုန်နဲ့ တိုးမြှင့်နေတာပဲ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အစိုးရသည် မိုးခေါင်မှု စိုးရိမ်ချက်များကြောင့် အီသနောအတွက် ကြံအသုံးပြုမှုကို ကန့်သတ်ခဲ့ရာ အရက်ချက်စက်ရုံများက ပြောင်းကို အစားထိုးကုန်ကြမ်းအဖြစ် အဓိကအားကိုးလာခဲ့ပြီး တင်သွင်းမှုများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

"ပြည်တွင်းပြောင်းထုတ်လုပ်မှု တိုးတက်လာပေမယ့် ကြက်စာနဲ့ ပြောင်းကော်မှုန့်ထုတ်လုပ်မှုကဏ္ဍတွေရဲ့ ဝယ်လိုအားအပြင် အီသနောကဏ္ဍရဲ့ ဝယ်လိုအားအသစ်တွေကြောင့် ပြည်တွင်းထောက်ပံ့နိုင်မှု အတိုင်းအတာကို ကျော်လွန်သွားပါတယ်" ဟု Gulati က ပြောကြားခဲ့သည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် မျိုးရိုးဗီဇပြုပြင်မထားသော (non-GM) ပြောင်း ထောက်ပံ့နိုင်သည့် ရင်းမြစ်များမှာ အကန့်အသတ်ဖြင့်သာရရှိနိုင်ခြင်းကလည်း ပြည်တွင်းဈေးနှုန်းများ မြင့်တက်လာမှုအပေါ် အထောက်အကူဖြစ်စေခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် မျိုးရိုးဗီဇပြုပြင်မထားသော ပြောင်းကိုသာ တင်သွင်းပြီး အဓိကတင်သွင်းသည့် နိုင်ငံများမှာ မြန်မာနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

IGrain India မှ Rahul Chauhan က အီသနောထုတ်လုပ်မှု တိုးမြှင့်ခြင်းသည် တိရစ္ဆာန်အစာကဏ္ဍ၏ ဝယ်လိုအားအပြင် ပြောင်းတင်သွင်းမှု မြင့်တက်ရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့သော် မကြာသေးမီရက်များအတွင်း အရက်ချက်စက်ရုံများမှထွက်ရှိသော ဘေးထွက်ပစ္စည်း (Distillers’ Dried Grains with Solubles- DDGS) များ ပိုမိုရရှိလာခြင်းကြောင့် တိရစ္ဆာန်အစာကဏ္ဍမှ ပြောင်းအသုံးပြုမှုမှာ အတိုင်းအတာတစ်ခုအထိ လျော့ကျသွားနိုင်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ အဆိုပါ DDGS သည် ပြောင်းနှင့် ဆန်ကွဲသို့သော ကောက်နှံများကို ကုန်ကြမ်းအဖြစ် အသုံးပြုသည့် အီသနောထုတ်လုပ်မှု လုပ်ငန်းစဉ်မှ ဘေးထွက်ပစ္စည်းတစ်ခု ဖြစ်ကြောင်း သိရသည်။

မကြာသေးမီက အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး Shivraj Singh က အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် ပြောင်းထုတ်လုပ်မှုကို တန်ချိန် ၈၆ သန်းအထိ နှစ်ဆတိုးမြှင့်နိုင်သည့် အလားအလာရှိသည်ဟု ပြောကြားခဲ့သည်။ လက်ရှိ ခါရစ် (မိုးရာသီ) သီးနှံစိုက်ပျိုးရာသီတွင် တောင်သူများသည် ပြောင်းစိုက်

ကေများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုလ ၁၁ ရက်နေ့ စာရင်းများအရ ဟက်တာ ၆၁ ဒသမ ၈၈ သိန်းရှိပြီး ယခင်နှစ် အလားတူကာလက ဟက်တာ ၅၉ ဒသမ ၇၃ သိန်းထက် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် ပြောင်းတင်ပို့သည့် နိုင်ငံအဖြစ်မှ အသားတင်တင်သွင်းသည့် နိုင်ငံအဖြစ်သို့ ပြောင်းလဲလာပြီး ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် တင်သွင်းမှု ခြောက်ဆအထိ စံချိန်တင်မြင့်တက်လာခြင်း သည် မြန်မာနိုင်ငံအတွက် အလားအလာရှိသော ဈေးကွက်အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

ထို့အပြင် အိန္ဒိယနိုင်ငံက မျိုးရိုးဗီဇပြုပြင် မထားသော (non-GM) ပြောင်းကိုသာ တင်သွင်းရန် ကန့်သတ်ထားပြီး မြန်မာနိုင်ငံသည် ၎င်းတို့အတွက် အဓိကတင်သွင်းရာ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အထက်ပါသတင်းတွင် အတည်ပြုဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားသည် တိရစ္ဆာန်အစာအတွက်သာမက အစိုးရ၏ အီသနောထုတ်လုပ်မှု တိုးမြှင့်ရေးမူဝါဒကြောင့် တိုးတက် လာခြင်းဖြစ်ပြီး အဆိုပါဝယ်လိုအားသည် ရေတိုကာလအတွက်သာမက ရေရှည်တွင်ပါ ဆက်လက် တည်တံ့နိုင်ခြေရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ပြောင်းတင်ပို့သူများအနေဖြင့် အိန္ဒိယဈေးကွက်၏ လိုအပ်ချက်ကို တည်ငြိမ်စွာဖြည့်ဆည်းပေးနိုင်ရန်၊ အရည်အသွေးနှင့် non-GM စံနှုန်းကို ဆက်လက်ထိန်းသိမ်းရန်နှင့် တင်ပို့မှုပမာဏကို တိုးမြှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ အဆိုပါအခွင့်အလမ်းကို အသုံးချ ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ ကြီးမားသောဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ပြီး မြန်မာနိုင်ငံအတွက် ပို့ကုန်ဝင်ငွေ ပိုမိုတိုးတက်ရရှိစေမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India was a net importer of maize in 2024-25 despite record output, July 15, 2025

……………………………………………………………………………………………

## အနောက်ဘင်္ဂလားပြည်နယ်တွင် ဈေးကွက်လိုအပ်ချက်မြင့်မားလာမှုကို ဖြည့်ဆည်းနိုင်ရန် ပြောင်း ဟက်တာ ၆၀,၀၀၀ တိုးချဲ့စိုက်ပျိုးမည်

အနောက်ဘင်္ဂလားပြည်နယ်အစိုးရသည် ပြည်နယ်အတွင်း တိရိစ္ဆာန်အစာ၊ ကြက်အစာနှင့် ငါးမွေးမြူရေးလုပ်ငန်းအတွက် အစာလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် လာမည့်သုံးနှစ်အတွင်း ပြောင်းစိုက်ဧရိယာ ၆၀,၀၀၀ ဟက်တာအထိ တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ကြောင်း ကုန်သည်ကြီးများအသင်းတစ်ခုဖြစ်သည့် ASSOCHAM မှ စီစဉ်ကျင်းပသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အစားအစာထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ပြည်နယ်စားသောက်ကုန်ပြုပြင် ထုတ်လုပ်ရေးနှင့် သစ်သီးဝလံပန်းမန်ဌာန ဝန်ကြီး Arup Roy မှ ကြေညာခဲ့ပါသည်။

ထို့ပြင် ဝန်ကြီးက အစိုးရ၊ ပုဂ္ဂလိက၊ ပညာရေးအဖွဲ့အစည်းများနှင့် ပြည်သူ့လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအားဖြင့် တစ်ဦးချင်းစီ၏အားသာချက်များကို အသုံးချနိုင်ပြီး စိန်ခေါ်မှုများကို ပူးတွဲဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်အလုပ်လုပ်နေသူများအနက် ၇၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ကြပြီး၊ ယင်းလုပ်ငန်းတွင် အမျိုးသမီးများအား လုပ်ငန်းရှင်များအဖြစ် အားပေးမြှင့်တင်ခြင်းသည် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အရေးကြီးသောခြေလှမ်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်နယ် စားသောက်ကုန်ပြုပြင်ထုတ်လုပ်ရေးနှင့် သစ်သီးဝလံပန်းမန်ဌာန၏ အတွင်းဝန်ဖြစ်သူ Smaraki Mahapatra က အနောက်ဘင်္ဂလားပြည်နယ်သည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအမျိုးအစားများစွာကို ထိပ်တန်းထုတ်လုပ်သူဖြစ်ပါကြောင်း၊ ဒေသတွင်း ဟင်းသီးဟင်းရွက်စားသုံးမှုမှာ တန်ချိန် ၉၅ သိန်းခန့်သာရှိသော်လည်း တန်ချိန် ၁၆၃ သိန်း ခန့်ထွက်ရှိပါကြောင်း၊ သစ်သီးဝလံထုတ်လုပ်မှုမှာ တန်ချိန် ၄၀ သိန်းခန့်ရှိပြီး စားသုံးနိုင်မှုမှာ တန်ချိန် ၃၀ သိန်းနှင့် ၃၅ သိန်းအကြားတွင်သာရှိပါကြောင်း၊ ပိုလျှံသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အအေးခန်းထောက်ပံ့ပို့ဆောင်ရေးနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများဖြင့် အခြားသော ပြည်နယ်များနှင့် နိုင်ငံများသို့ တင်ပို့နိုင်ပါကြောင်းနှင့် အစိုးရသည် ငှက်ပျောသီး၊ နာနတ်သီး၊ ဘလူးဘယ်ရီနှင့် ဂျင်းအပါအဝင် တစ်ရှူးနည်းပညာ အသုံးပြုသောစိုက်ပျိုးမှုများအတွက် အဆင့်မြင့်ထောက်ပံ့ကူညီမှုများ ပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် အတွင်းဝန်က အနောက်ဘင်္ဂလားပြည်နယ်သည် ဟိမဝန္တာတောင်တန်းနှင့် ကမ်းရိုးတန်းရှိသည့် တစ်ခုတည်းသောပြည်နယ်ဖြစ်ပြီး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်

Agribusiness & Trade

လုပ်မှုအတွက် စံပြဖြစ်အောင် အစိုးရက ကြိုးစားဆောင်ရွက်နေပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်အကြား တန်ဖိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်များစွာရှိပါကြောင်း၊ ၎င်းတို့ပြည်နယ်သည် တိုင်းရင်းဆေးပင်များနှင့် စပ်လျဉ်း၍ သမိုင်းကြောင်း ကောင်းမွန်ပြီး တိုင်းရင်းဆေးကုသမှုပိုင်းတွင်လည်းပံ့ပိုးပေးနိုင်ရန် အလားအလာများစွာရှိပါကြောင်း၊ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အတွင်း အစားအစာထုတ်လုပ်မှုကဏ္ဍ၌ လုပ်ငန်းပေါင်း ၂၄,၂၁၃ ခု တည်ထောင်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ယင်းကဏ္ဍဖွံ့ဖြိုး တိုးတက်အောင်မြင်စေရန်အတွက် အစိုးရ၊ အစားအစာထုတ်လုပ်သူအဖွဲ့အစည်းများ (FPOs) တောင်သူများနှင့် လုပ်ငန်းရှင်များအကြား မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုတစ်ရပ် လိုအပ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်အစိုးရက ဈေးကွက်ဝယ်လိုအား မြင့်တက်လာမှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြောင်းကို တိုးမြှင့်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေအား သိရှိနိုင်ပါရန်နှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံထုတ်လုပ်မှုမြှင့် တင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ရေးအခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: West Bengal to expand maize cultivation by 60,000 hectares to meet rising feed demand, The Economic Times, 15 July, 2025.

## ရုရှားခရီးသွားများ ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်မှု တိုးတက်လာ

၂၀၂၅ ခုနှစ် ပထမ(၆)လအတွင်း (ဇန်နဝါရီမှ ဇွန်လအထိ) ဗီယက်နမ်နိုင်ငံသို့ ရုရှားခရီးသွား ၂၆၀,၀၀၀ ကျော် ရောက်ရှိခဲ့ပြီး ယင်းပမာဏသည် ၂၀၂၄ ခုနှစ် တစ်နှစ်လုံး ဝင်ရောက်မှုစုစုပေါင်း ၂၃၂,၀၀၀ ထက် ကျော်လွန်ခဲ့သည်။ အဆိုပါကာလအတွင်း ရုရှားခရီးသွား ဧည့်သည်အရေအတွက်သည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၃၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ယင်းအရေအတွက်သည် ကမ္ဘာ့လှည့်ခရီးသွားများ ဝင်ရောက်သည့်အရေအတွက်များအနက် တိုးတက်မှုနှုန်းအမြင့်ဆုံးဖြစ်သည်။

၂၀၂၅ ခုနှစ် မတ်လတွင် ဗီယက်နမ်အစိုးရသည် ရုရှားအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံအတွက် ဗီဇာကင်းလွတ်ခွင့်စနစ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးပေးခဲ့သည်။

ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်းဌာန၏ သတင်းထုတ်ပြန်ချက်အရ အဆင်ပြေသော လေကြောင်းခရီးစဉ်များနှင့် ခရီးသွားအစီအစဉ်များ၏ ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုတို့သည် ဗီယက်နမ်နိုင်ငံသို့ လည်ပတ်ရန် ရုရှားလူမျိုးများအကြား ပိုမိုလူကြိုက်များလာစေသည့် အချက်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီတွင် ရုရှားသည် ဗီယက်နမ်သို့ ကမ္ဘာလှည့်ခရီးသည်များ (နှစ်စဉ် ၆၅၀,၀၀၀) စေလွှတ်ခြင်းအတွက် ထိပ်တန်းဈေးကွက်များထဲမှ တစ်ခုဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ ရုရှားခရီးသွားဧည့်သည် ၄၃၀,၀၀၀ ခန့် ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://tass.com/economy/1986975

.................................................................................................................

## သံမဏိနှင့် မော်တော်ယာဉ် အစိတ်အပိုင်းများအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် အိန္ဒိယက တုံ့ပြန်အရေးယူမှုအသစ်များဆောင်ရွက်ရန် စီစဉ်

အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက် (Bilateral Trade Agreement-BTA) အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိနေသော်လည်း အိန္ဒိယနိုင်ငံသည် သံမဏိ၊ အလူမီနီယံနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများတင်သွင်းမှုများအပေါ် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်စည်းကြပ်မှုကို တုံ့ပြန်သည့်အနေဖြင့် စီစဉ်ထားသော တန်ပြန်အရေးယူဆောင်ရွက်မှုများ၏ အတိုင်းအတာကို တိုးမြှင့်လိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ မကြာသေးမီပေးပို့လိုက်သော အသိပေးအကြောင်းကြားစာတွင် အမေရိကန်ပြည်ထောင်စုသည် ပြန်လည်ပြင်ဆင်ထားသော အကောက်ခွန်များမှတစ်ဆင့် ကောက်ခံမည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၂ ဘီလီယံတန်ဖိုးရှိ ထပ်တိုးတင်သွင်းခွန်များနှင့် ကိုက်ညီစေရန် အမေရိကန်သွင်းကုန်များအပေါ်ထားရှိသော အကောက်ခွန်များကို ညှိနှိုင်း

ဆောင်ရွက်သွားမည်ဟု ဖော်ပြထားကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုသည် ဇွန်လ ၃ ရက်နေ့တွင် သံမဏိ၊ အလူမီနီယံနှင့် ၎င်းတို့၏ ဆက်စပ်ပစ္စည်းများအပေါ်ထားရှိသောအခွန်များကို ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုးမြှင့်လိုက်သော အခွန်များကြောင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့သည့် အိန္ဒိယနိုင်ငံ၏ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံအပေါ် သက်ရောက်မှုရှိကြောင်း သိရသည်။ "ဤအကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်ကျော်လွန်ပါက အထူးအခွင့်အရေးများ သို့မဟုတ် အခြားသောတာဝန်ဝတ္တရားများကို ဆိုင်းငံ့ပိုင်ခွင့်အား အိန္ဒိယနိုင်ငံက လက်ဝယ်ထားရှိသည်" ဟု အဆိုပါ အကြောင်းကြားစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံက အမေရိကန်ပြည်ထောင်စု၏ အခွန်နှုန်းထားပြောင်းလဲမှုများသည် ကာကွယ်ရေးဆိုင်ရာအစီအမံများ (safeguard measures) အဖြစ် သတ်မှတ်နိုင်သော်လည်း အဆိုပါ အပြောင်းအလဲများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ အကြောင်းကြားရန် ပျက်ကွက်ခဲ့ကြောင်း ထောက်ပြခဲ့သည်။ အမေရိကန်၏ လုပ်ဆောင်ချက်များသည် ၁၉၉၄ ခုနှစ် GATT သဘောတူညီချက်နှင့် ကာကွယ်ရေးဆိုင်ရာ အစီအမံများဆိုင်ရာ သဘောတူညီချက် (Agreement on Safeguards-AoS) တို့အရ ၎င်း၏ ကတိကဝတ်များနှင့် ကိုက်ညီမှုမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် AoS မူဘောင်အရ လိုအပ်သည့်အတိုင်း အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများ မပြုလုပ်ခဲ့ကြောင်းကိုလည်း အိန္ဒိယနိုင်ငံက မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် မတ်လတွင် အမေရိကန်ပြည်ထောင်စုမှ ချမှတ်ခဲ့သော သံမဏိနှင့် အလူမီနီယံအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု ပထမအသုတ်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၁ ဘီလီယံကောက်ခံရန် အကောက်ခွန်များချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့်မေလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ ကနဦး အကြောင်းကြားခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံက ယခုလ ၄ ရက်နေ့တွင် အိန္ဒိယပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉ ဘီလီယံကို သက်ရောက်မှုရှိစေသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများအပေါ် ကောက်ခံမည့် အမေရိကန်၏ ၂၅ ရာခိုင်နှုန်း ထပ်တိုးအခွန်များကို တုံ့ပြန်သွားမည့် အစီအစဉ်ကိုလည်း WTO သို့ အသိပေး အကြောင်းကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ်က Trump အစိုးရမှ ချမှတ်ခဲ့သော အလားတူ အမေရိကန်အခွန်များကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ထုတ်ကုန် ၂၀ မျိုးအပေါ် အကောက်ခွန်များ တိုးမြှင့်ကောက်ခံခြင်းဖြင့် တုံ့ပြန်ခဲ့ဖူးကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်တွင် ဝန်ကြီးချုပ်မိုဒီ၏ အမေရိကန်

Agribusiness & Trade

ခရီးစဉ်အတွင်း သံမဏိနှင့် အလူမီနီယံဆိုင်ရာ အငြင်းပွားမှုများအပါအဝင် WTO တွင် ဆိုင်းငံ့ထားသော အငြင်းပွားမှုအားလုံးကို ရုပ်သိမ်းရန် နှစ်နိုင်ငံ သဘောတူခဲ့ကြကြောင်း သိရသည်။

ကောင်းထွဋ်နွံအောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Trade Promotion Council of India, India plans fresh retaliatory duties against US steel & auto duties, July 11, 2025

..................................................................................................

## အိန္ဒိယသည် အမေရိကန်နှင့် ကုန်သွယ်မှုကိစ္စရပ်များဆွေးနွေးရာတွင် အင်ဒိုနီးရှားထက်နိမ့်သော အခွန်နှုန်းထား ရရှိရန်ကြိုးပမ်းနေ

အိန္ဒိယအရာရှိများသည် ဩဂုတ် ၁ ရက်နေ့မတိုင်မီ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုမှ အမေရိကန်၏ အင်ဒိုနီးရှားနှင့် သဘောတူထားသည့်အခွန်နှုန်းထက်နိမ့်သောအခွန်နှုန်းဖြင့် ရရှိနိုင်ရန် ကြိုးပမ်းနေကြကြောင်း သိရှိရသည်။

အမေရိကန်သည် အင်ဒိုနီးရှားမှ သွင်းကုန်များအပေါ် အကောက်ခွန် ၃၂% မှ ၁၉% လျှော့ချပေးမည်ဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံ၏ ကုန်ပစ္စည်းများကိုမူ အကောက်ခွန်မဲ့ တင်ပို့နိုင်မည်ဖြစ်ကြောင်း ထရမ့်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်သမ္မတက သတင်းထောက်များထံသို့ ပြောကြားစဉ် “အိန္ဒိယနှင့် ချုပ်ဆိုမည့်သဘောတူညီမှုသည် အင်ဒိုနီးရှားနှင့် ချုပ်ဆိုထားသည့်သဘောတူညီမှုနှင့် ဆင်တူပါမည်” ဟု ပြောခဲ့ပြီး “အမေရိကန်အနေဖြင့် အိန္ဒိယဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိမည်” ဟုလည်း ထပ်မံဖော်ပြခဲ့သည်။ ထို့နောက် ဗုဒ္ဓဟူးနေ့တွင်လည်း “အမေရိကန်သည် အိန္ဒိယနှင့် သဘောတူညီမှုတစ်ရပ်ချုပ်ဆိုရန် အလွန်နီးစပ်နေပြီ” ဟု ထပ်မံအကြောင်းကြားခဲ့သည်။

အိန္ဒိယ အရာရှိများ၏ ပြောကြားချက်အရ အိန္ဒိယသည် အင်ဒိုနီးရှားထက်ပိုပြီး အကျိုးဖြစ်ထွန်းသည့် အခွန်နှုန်းထားများနှင့် သမ္မတထရမ်က ဇီယက်နမ်အပေါ် ကောက်ခံမည်ဟု ပြောထားသော ၂၀ ရာခိုင်နှုန်းအခွန်ထက် နိမ့်သောနှုန်းကို တောင်းဆိုထားကြောင်း သိရသည်။ Bloomberg News ၏ ယခင်အစီရင်ခံစာအရ အမေရိကန်နှင့် အိန္ဒိယတို့သည် ကမ်းလှမ်းထားသော အခွန်နှုန်းကို ၂၀ ရာခိုင်နှုန်းအောက်သို့ လျှော့ချနိုင်သည့် သဘောတူညီမှုတစ်ရပ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေ

ကြပြီး၊ ကြိုတင်ဆွေးနွေးမှုများဆောင်ရွက်နိုင်ရန် အဖွဲ့တစ်ဖွဲ့လည်း လတ်တလောတွင် ဝါရှင်တန်မြို့သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယသည် ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်ရာတွင်အသာစီးရစေမည့် အကောက်ခွန်နှုန်းထားတစ်ခုကို မျှော်လင့်နေကြောင်းနှင့် ယနေ့ထိ ဆောင်ရွက်လာသော ဆွေးနွေးမှုများအရလည်း အိန္ဒိယအတွက် သတ်မှတ်မည့်အခွန်နှုန်းသည် ထိုနိုင်ငံများထက် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်၏ စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင် တစ်ဦးဖြစ်သည့် State Bank of India ၏ စီးပွားရေးပညာရှင်အကြီးအကဲ Soumya Kanti Ghosh က စေ့စပ်ညှိနှိုင်းရေးအဖွဲ့သည် အခွန်နှုန်းထားကို ၁၀ % အောက်သို့လျှော့ချရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ ထို့အတူ အပြန်အလှန်အားဖြင့် အမေရိကန်အနေဖြင့်လည်း ၎င်းတို့ကုန်ပစ္စည်းများကို အိန္ဒိယဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုချိန်တွင် သိသာထင်ရှားသောလိုက်လျောမှုများကို ရရှိရန် မျှော်လင့်နေမည်ဟု ပြောကြားခဲ့သည်။ အိန္ဒိယသည် စိုက်ပျိုးရေးနှင့် နို့ထွက်ပစ္စည်းကဏ္ဍများကို ဈေးကွက်ဖွင့်ပေးရန် ဆန္ဒမရှိသော်လည်း လယ်ယာမဟုတ်သောကဏ္ဍများတွင် လိုက်လျောမှုများ ပေးနိုင်သည်ဟု ၎င်းကဆိုသည်။

အိန္ဒိယသည် အမေရိကန်ထံမှ စက်မှုကုန်ပစ္စည်းများအပေါ် ကောက်ခံနေသော အခွန်နှုန်းကို အမေရိကန်ဘက်မှလည်း အလားတူလျှော့ချပေးလျှင် သုညအထိ လျှော့ချပေးရန် အဆိုပြုပြီးထားကြောင်း၊ ထို့အပြင် အမေရိကန်၏ စိုက်ပျိုးရေးထွက်ကုန်အချို့အတွက် အိန္ဒိယဈေးကွက်အတွင်း ဝင်ရောက်ခွင့်ကို ကမ်းလှမ်းထားသကဲ့သို့ Boeing ကုမ္ပဏီမှ လေယာဉ်များကို ပိုမိုဝယ်ယူနိုင်သည့် အလားအလာကိုလည်း ပြောကြားထားကြောင်း သိရှိရသည်။

သမ္မတထရမ့်သည် အင်ဒိုနီးရှားအပြင် ဗြိတိန်နှင့် ဗီယက်နမ်တို့နှင့် ကုန်သွယ်ရေးသဘောတူညီမှုများကိုကြေညာခဲ့ပြီး တရုတ်နှင့်လည်း ယာယီသဘောတူညီမှုတစ်ရပ် ပြုလုပ်ထားသည်။ ထရမ့်က ထပ်မံဖော်ပြခဲ့သည်မှာ အင်ဒိုနီးရှားအနေဖြင့် အမေရိကန်ထံမှ စွမ်းအင်ပစ္စည်းများ တန်ဖိုး ၁၅ ဘီလီယံနှင့် ၄.၅ ဘီလီယံတန်ဖိုးရှိစိုက်ပျိုးရေးထွက်ကုန်များနှင့်အတူ Boeing လေယာဉ်များကိုပါ ဝယ်ယူရန် သဘောတူခဲ့သည်ဟု ပြောကြားခဲ့သည်။

Barclays Plc ၏ စင်္ကာပူအခြေစိုက် စီးပွားရေးပညာရှင် Brian Tan က ဖော်ပြထားသည်မှာ လတ်တလောဖြစ်ပွားနေသောအခြေအနေများအရ အခွန်နှုန်းများသည် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်

Agribusiness & Trade

နှုန်းအတွင်းဖြစ်လာနိုင်ကြောင်းနှင့် ထိုအခွန်နှုန်းထားသည် သမ္မတထရမ့် ၏အကြိုက်ဆုံး အရာ တစ်ခုဖြစ်ပါကြောင်း၊ ထို့အပြင် ယခုအချိန်အထိ ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများထံ ပေးပို့ထားသည့် အခွန်သတ်မှတ်စာများသည်လည်း အမေရိကန်အတွက် ပိုမိုအကျိုးရှိသည့် ကမ်းလှမ်းချက်များဖြင့် နိုင်ငံအဆင့်ဆွေးနွေးမှုများကို ပြန်လည်စတင်စေရန် ရည်ရွယ်သည့် ဆွေးနွေးမှုဗျူဟာ တစ်ခုဖြစ်နိုင် ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် ထရမ့်အစိုးရအနေဖြင့် ပိုမိုအသာစီးရရှိနိုင်သည့် 'သဘော တူညီမှုများ' ကို ရယူနိုင်စေနိုင်ကြောင်းလည်း ပြောကြားခဲ့သည်။

မလေးရှား ကုန်သွယ်ရေးဝန်ကြီးက အင်ဒိုနီးရှား သဘောတူညီချက်၏ အသေးစိတ်အချက် အလက်များကို သိရှိနိုင်ရန်စောင့်ဆိုင်းနေကြောင်း၊ ၎င်းတို့သည် အကောက်ခွန်အတွက် အမေရိကန် နှင့် ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ အရေးကြီးဆုံးမှာ ဤဆွေးနွေးမှုသည် နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ် ထွန်းစေရမည်ဟု ပြောကြားခဲ့ကြောင်း The Star သတင်းတွင် ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ကုန်သွယ်မှုအတွက် အခွန်နှုန်းထားများ လျှော့ချပေးနိုင်ရေး အမေရိကန်နှင့် ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေများအား သိရှိနိုင်ရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India seeks lower tariff than Indonesia in race for deal with US, The Economic Times, 17 July, 2025.

…………………………………………………………………………………………….

Agribusiness & Trade